
# ကျွန်ုပ်တို့၏ နိုင်ငံခြားသား ငွေအပ်နှံသူများခင်ဗျာ/ရှင်

ဘဏ်အတွင်း ငွေအပ်နှံရေးအကောင့်တစ်ခု ဖွင့်ရန်အတွက် အောက်ပါစာရွက်စာတမ်းများကို လိုအပ်ကြောင်း ကျေးဇူးပြု၍ အသိပေးပါရစေ။
အကောင့်တစ်ခုဖွင့်ရန် shinkin ဘဏ်သို့ သင် လာသည့်အခါ ဖော်ပြပါစာရွက်စာတမ်းများ အဆင်သင့်ရှိနေရမည်။

## 《 ဘဏ်အကောင့်တစ်ခု ဖွင့်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ 》

### ကိုယ်ပိုင်အထောက်အထား စာရွက်စာတမ်း

(နမူနာ) နေထိုင်ရာ အထောက်အထားကတ်





ကိုးကား - ဂျပန်လူဝင်မှုကြီးကြပ်ရေး အစိုးရဌာန ဝက်ဘ်ဆိုဒ်

- ကိုယ်ပိုင်အထောက်အထား စာရွက်စာတမ်းတွင် အဆိုပါအထောက်အထား ကိုင်ဆောင်သူ၏ ဓာတ်ပုံနှင့် အမည်၊ (ဂျပန်နိုင်ငံရှိ) လိပ်စာနှင့် မွေးသက္ကရာဇ်ကို ဖော်ပြထားရပါမည်။

ဥပမာ -
- ▶နေထိုင်ရာ အထောက်အထားကတ်
- ▶အမြဲနေထိုင်ကြောင်း အထူးအထောက်အထားစာ
- ▶တစ်ဦးတစ်ယောက်ချင်းစီအလိုက် နံပါတ်ကဒ်
- ▶ပတ်စ်ပို့

*အကောင့်ဖွင့်ပုံဖွင့်နည်းတွင် အကောင့်လျှောက်ထားသူ၏ ဂျပန်နိုင်ငံအတွင်း နေထိုင်သည့်ကာလ သက်သေအထောက်အထား ပါဝင်နိုင်ပါသည်။ ကိုယ်ပိုင်အထောက်အထား စာရွက်စာတမ်းတစ်ခုထက်ပိုပြီး တင်ပြဖို့ လျှောက်ထားသူကို တောင်းဆိုခြင်းရှိနိုင်ပါသည်။

### တံဆိပ်တုံး



- အကောင့်ဖွင့်သည့်အချိန်တွင် လျှောက်လွှာဖောင်ပုံစံကို လျှောက်ထားသူ၏ ချိတ်ပိတ်တံဆိပ်တုံးဖြင့် အပြီးသတ်ရပါမည်။ ဘဏ္ဍာရေးအဖွဲ့အစည်းအမျိုးမျိုးက လျှောက်ထားသူ၏ လက်မှတ်ကိုလည်း နောက်နည်းလမ်းတစ်ခုအနေဖြင့် လက်ခံကြောင်း ကျေးဇူးပြု၍ မှတ်သားပေးပါ။
- သင့်တံဆိပ်တုံးကို မှာယူသောအခါ အဆိုပါတံဆိပ်တုံးသည် ဘဏ်အတွင်းငွေလွှဲပြောင်းရေးအတွက် ဘောင်ဝင်ရမည်ဖြစ်ကြောင်း တံဆိပ်တုံးဖန်တီးသည့် စတိုးဆိုင်ကို ကျေးဇူးပြု၍ ညွှန်ကြားပေးပါ။

### အခြားအရေးကိစ္စများ


- ဘဏ်အကောင့်လျှောက်ထားသောအခါ လျှောက်ထားသူ၏ အလုပ်အကိုင်အခြေအနေကို အတည်ပြုနိုင်စွမ်းရှိသည့် ဝန်ထမ်း၏ ID (သို့မဟုတ်) အခြားစာရွက်စာတမ်းကိုလည်း ကျေးဇူးပြု၍ ယူဆောင်လာပါ။
- မှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းတွင် လျှောက်ထားသူ၏ အလုပ်အကိုင်နေရာသို့ ဖုန်းဆက်ခေါ်ခြင်း ပါဝင်ကောင်းပါဝင်နိုင်ကြောင်းကျေးဇူးပြု၍ မှတ်သားပေးပါ။
- ဂျပန်ဘာသာစကား အကူအညီလိုအပ်သော လျှောက်ထားသူများအနေဖြင့် ၎င်းတို့၏ အလုပ်အသိုင်းအဝိုင်းစသဖြင့်တို့တွင်ရှိသည့် လူတစ်ဦးထံမှ ရရှိနေဆဲအကူအညီကို တောင်းဆိုသင့်ပါသည်။
- ကျောင်းသားများအနေဖြင့် ကျောင်းသား ID ကို ယူဆောင်လာဖို့ တောင်းဆိုပါသည်။
- ဥပဒေအရ၊ ဘဏ်သည် အခွန်ဆိုင်ရာကိစ္စရပ်များအတွက် လျှောက်ထားသူ၏ နေထိုင်သည့်နိုင်ငံနှင့် လျှောက်ထားသူသည် U.S. အခွန်ကောက်ခံခြင်းနှင့် သက်ဆိုင်ခြင်း ရှိ မရှိကို စစ်ဆေးမည်ဖြစ်ပြီး၊ လျှောက်ထားသူ၏ အခွန်ဆောင်သူ ခွဲခြားသတ်မှတ်ခြင်းနံပါတ်ကို လိုအပ်မည်ဖြစ်ပါသည်။

* ငွေကြေးဆိုင်ရာအဖွဲ့အစည်းတစ်ခုစီမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာစည်းကမ်းများကိုလည်း လိုက်နာပေးပါ။

---

သင်၏လစာအကောင့်ကို သတ်မှတ်ခြင်းနှင့် သုံးစွဲသည့်ဘေလ် အလိုအလျောက်ပေးချေမှုများကို ပြုလုပ်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များအတွက် မေးမြန်းစုံစမ်းပေးပါ။

## ဘဏ်အတွင်း ငွေအပ်နှံရေးအကောင့် ရောင်းချခြင်း (သို့မဟုတ်) ဝယ်ယူခြင်းသည် ပြစ်ဒဏ်သင့်နိုင်သော ပြစ်မှုတစ်ခု ဖြစ်ပါသည်။



- ဘဏ်အတွင်း ငွေအပ်နှံရေးအကောင့် (ဆိုလိုသည်မှာ ဘဏ်အတွင်း ငွေအပ်နှံရေး အကောင့်ဆိုင်ရာ ငွေစုစာအုပ် (သို့မဟုတ်) ငွေထုတ်ကတ်ပြား) ရောင်းချခြင်း (သို့မဟုတ်) ဝယ်ယူခြင်းကို ဂျပန်နိုင်ငံဥပဒေအရ တားမြစ်ထားပြီး ရောင်းချသူနှင့် ဝယ်ယူသူနှစ်ဦးလုံး ပြစ်ဒဏ်ခံရပါမည်။
- နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးမှုစသဖြင့်တို့ကြောင့် သင့်မွေးရပ်နိုင်ငံသို့ ပြန်ရမည်ဆိုပါက ဘဏ်အကောင့်များအား တရားမဝင် အသုံးပြုမှုကို ကာကွယ်တားဆီးရန် ကျေးဇူးပြု၍ သင့်ဘဏ္ဍာရေးအဖွဲ့အစည်း၏ အကောင့်ပိတ်ခြင်း လုပ်ထုံးလုပ်နည်းအတိုင်း အပြီးသတ်ဆောင်ရွက်ပေးပါ။

Face to Face
一般社団法人
全国信用金庫協会

（ビルマ語）

**Shinkin ဘဏ်သုံးစွဲသူများသို့**

## "သုံးစွဲသူများ၏အချက်အလက်များ" ကို ပုံမှန်စစ်ဆေးခြင်းနှင့်ပတ်သက်၍ နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံချက်

**-ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့ခြင်းကိုတိုက်ဖျက်ရန် ကျွန်ုပ်တို့ကို ကူညီဆောင်ရွက်ပေးပါ-**

လတ်တလောနှစ်များတွင်၊ ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်မှုများအတွက် ငွေကြေးထောက်ပံ့ခြင်းကို တိုက်ဖျက်ရန် အရေးကြီးမှုသည် နိုင်ငံတကာလူ့ဘောင်အဖွဲ့အစည်းတွင် မြင့်တက်လာလျှက်ရှိပါသည်။ ၎င်းအပြင် ပြည်တွင်းတွင် လည်း ဘဏ်အကောင့်များကိုအလွဲသုံးစားပြုလုပ်ထားသည့် ထူးခြားသော လိမ်လည်မှုများကဲ့သို့သော ငွေကြေးဆိုင်ရာ ရာဇဝတ် မှုများပေါ်ပေါက်နေပါသည်။

ငွေကြေးဆိုင်ရာအဖွဲ့အစည်းများသည် ဤကဲ့သို့သော ရာဇဝတ်မှုကျူးလွန်သည့် အပြုအမူများကို တားဆီးကာ သုံးစွဲသူများအနေဖြင့်စိတ်ချပြီး အန္တရာယ်ကင်းစွာအသုံးပြုနိုင်စေရန် ၊ တရားမဝင်သောနည်းလမ်းဖြင့် လွှဲပြောင်းမှု တားဆီးကာကွယ်ရေး ဥပဒေနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုအေဂျင်စီ၏ "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ခြင်း အတွက် ငွေကြေးထောက်ပံ့မှုကို တိုက်ဖျက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ" ပေါ်တွင် အခြေခံ၍ အမျိုးမျိုးသော စီမံချက်များကို ဆောင်ရွက်လျက်ရှိပါသည်။

<u>ထိုစီမံချက်များ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ Shinkin ဘဏ်များအပါအဝင် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများသည် လက်ရှိ သုံးစွဲနေသူများ၏အချက်အလက်များကို ပုံမှန်စစ်ဆေးရန်လုပ်ဆောင်ခြင်း (※) နှင့်ပတ်သက်၍ ၎င်းတို့၏ သတ်မှတ်ထားသော နည်းလမ်းများအတိုင်းဆောင်ရွက်လျှက်ရှိနေပါသည်။</u>

(※) လက်ရှိသုံးစွဲနေသူများအား သုံးစွဲမှုအချက်အလက်များနှင့်အခြေအနေများအပေါ်မူတည်၍ သုံးစွဲသူများ၏သတင်း အချက်အလက်နှင့်အသုံးပြုမှု ရည်ရွယ်ချက်များကို ပုံမှန်စစ်ဆေးရန်။

ဤကဲ့သို့သောလုပ်နည်းဖြင့် သုံးစွဲသူတစ်ဦးစီ၏အချက်အလက်များကို ပုံမှန်စစ်ဆေးခြင်းသည် တရားမဝင်အဖွဲ့အစည်း များနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ဥပဒေကိုလိုက်နာ၍ သုံးစွဲနေသူများအကြားဝင်၍ သတိမမူမိအောင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများကိုအသုံးပြုခြင်း၊ ဘဏ်အကောင့်ပိုင်ရှင်အဖြစ် ဟန်ဆောင်၍ ဘဏ်အကောင့်ကို အသုံးပြုခြင်းများကို တားဆီးကာကွယ်ရန်နှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းကို အသုံးပြုနေသူများက စိတ်ချပြီး အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန် စီမံဆောင်ရွက်လျှက်ရှိပါသည်။

<u>သုံးစွဲသူများအနေနှင့် ဤကဲ့သို့သော စီမံဆောင်ရွက်မှုများကို နားလည်သဘောပေါက်ကာ Shinkin ဘဏ်များတွင်ရှိသော "သုံးစွဲသူများ၏အချက်အလက်များ" နှင့်ပတ်သက်၍ ပုံမှန်စစ်ဆေးမှုဆိုင်ရာတောင်းဆိုမှုများနှင့် ပတ်သက်၍ပူးပေါင်း ဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။</u>

လတ်တလောတွင် အမျိုးမျိုးသော နည်းလမ်းများဖြင့် သုံးစွဲသူများ၏အချက်အလက်များကို ရယူရန် ကြိုးစားခြင်းများ ဖြစ်ပေါ်နေသည့်အတွက်၊ အကယ်၍ သံသယဖြစ်ဖွယ် တောင်းဆိုချက်များလက်ခံရရှိပါက သင်အသုံးပြုနေသည့် ဤ Shinkin ဘဏ်ခွဲထံသို့ ဆက်သွယ်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

Face to Face 一般社団法人 全国信用金庫協会
The National Association of Shinkin Banks

金融庁
Financial Services Agency